# ဥပဒေအကြိုးပြုလုပ်ငန်းရန်ပုံငွေအဖွဲ့ ထောက်ပံ့ကြေးရယူသူမိတ်ဖက်စစ်တမ်း

ဧပြီလ၊ ၂၀၂၄

## မိတ်ဆက်


ဥပဒေအကြိုးပြုရန်ပုံငွေအဖွဲ့ (LEF) သည်၊ ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေးရန်ပုံငွေအဖွဲ့ တွင် အခြေပြုထားပြီး၊ ကမ္ဘာလုံးဆိုင်ရာ၊ ဘက်ပေါင်းစုံပါဝင်သူများ၊ နှင့် အခြားရန်ပုံငွေထုတ်ပေးသည့်အဖွဲ့စည်းများနှင့်အတူ လူ့အဖွဲ့စည်းမှဦးဆောင်သည့် အသင်းဖွဲ့များအား အရင်းမြစ်ထောက်ပံ့၍ ကမ္ဘာလုံးဆိုင်ရာ တရားမျှတမှုကွာစချက်များရပ်တန့်စေရန် ဆောင်ရွက်နေသည့်အဖွဲ့စည်းဖြစ်သည်။ LEF သည်လက်ရှိ နိုင်ငံပေါင်း ၅၆နိုင်ငံမှ အဖွဲ့စည်း ၁၅၀ ကိုထောက်ပံ့လျှက်ရှိသည်။

၂၀၂၃ ခုနှစ် စက်တင်ဘာနှင့် အောက်တိုဘာလတွင်း၊ ရန်ပုံငွေအဖွဲ့က ရန်ပုံငွေထောက်ပံ့သူများကို ၎င်းတို့၏ LEF အထောက်ပံ့ရရှိထားမှုအပေါ် ၎င်းတို့အတွေ့ကြုံ၊ အားသာချက်၊ နှင့် ဦးစားပေးအကြောင်းရာများကို ပါဝင်ဖြေဆိုနိုင်ရန် အွန်လိုင်းစစ်တမ်းဖြေဆိုရန်ဖိတ်ခေါ်ထားပါသည်။ ယခုအစီရင်ခံစာတွင် LEF မှထောက်ပံ့မှုရရှိထားသည့် စစ်တမ်းဖြေဆိုထားသူ မိတ်ဖက် ၁၀၀ ထံမှအဓိကတွေ့ရှိချက်များကိုဖော်ပြထားသည်။ စစ်တမ်းရလဒ်သည် အဓိကလုပ်ဆောင်ရန်များဖြစ်သည့် အဖွဲ့စည်းကောင်းမွန်ရေး၊ ဥပဒေအကျိုးပြုလုပ်ငန်းဆောင်ရွက်နိုင်ရန်စွမ်းဆောင်နိုင်မှု၊ အပြောင်းလဲများတွက်စွမ်းဆောင်နိုင်မှု၊ နှင့် ရန်ပုံငွေရသူတို့၏ ထင်မြင်ချက်၊ နှင့် LEF ၏အထောက်ပံ့များပေါ်ထင်မြင်ချက်များကို ဗဟိုပြုထားပါသည်။

## နိဿရည်း

### ဒီစစ်တမ်းမှာ ကျနော်တို့ ဘယ်သူတွေကိုဦးတည်ထားသလဲ?


ဒေသအားလုံးရှိ လက်ရှိ LEF ထောက်ပံ့ကြေးရယူသူမိတ်ဖက်များအားလုံးကို စစ်တမ်းက ဦးတည်ပါသည်။ ဤတွင် နိုဝင်ဘာ ၂၀၂၃ တွင်သက်တမ်းကုန်မည့် (သို့) ထို့နောက်ပိုင်းတွင် သက်တမ်းကုန်မည့်





လက်ရှိပေးနေဆဲထောက်ပံ့ကြေးရရှိနေသည့်အဖွဲ့များပါဝင်သည်။ ရန်ပုံငွေအဖွဲ့၏စစ်တမ်းမိတ်ဖက်ဖြစ်သော Progress Inc., က Kobo Toolbox ကို သုံး၍ စစ်တမ်းကို ဖြန့်ဖြူးပြီး စီမံသည်။

စစ်တမ်းတွင် ပါဝင်သူများသည် စစ်တမ်းဖြေရန် ဘာသာစကားရှစ်မျိုးရွေးချယ်နိုင်သည် (အာရဗီ၊ ဗမာ၊ အင်္ဂလိပ်၊ ပြင်သစ်၊ ဟင်ဒီ၊ ပေါ်တူဂီ၊ စပိန်နှင့် ထိုင်း)။ စစ်တမ်းကို နယ်စည်းမခြားဘာသာပြန်များ (Translators without Borders)၏ ပံ့ပိုးကူညီမှုဖြင့် ဘာသာပြန်ပါသည်။ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်နေ့မှ အောက်တိုဘာလ ၁၃ ရက်နေ့အထိ စစ်တမ်းဖြေဆိုမှုများကို လက်ခံသည်။

## စစ်တမ်းကို တုံ့ပြန်ဖြေဆိုခဲ့သူများမှာ မည်သူများဖြစ်သနည်း။





LEF ထောက်ပံ့ကြေးရယူသူ အဖွဲ့အစည်းများ ၁၂၁ ခုအနက်မှ ၁၀၀ သည် စစ်တမ်းဖြေဆိုနှုန်း ၈၃ ရာခိုင်နှုန်း (အချိုးဖြင့်)ကို ကိုယ်စားပြုလျက် စစ်တမ်းကို ဖြေဆိုခဲ့ပါသည်။

## အဖွဲ့စည်းကောင်းမွန်မှုအနေထား

## အဖွဲ့များစွာသည် ရန်ပုံငွေကန့်သတ်ချက်များ သို့မဟုတ် ရေရှည်တည်တံ့မှုဆိုင်ရာစိုးရိမ်မှုများနှင့် ရင်ဆိုင်ရသည်။

အဖွဲ့များ၏ ၇၃ ရာခိုင်နှုန်းနီးပါးသည် အခြေခံလုပ်ငန်းလည်ပတ်ရန် ကုန်ကျစရိတ်တွင်အသုံးမပြုနိုင်သည့် ကန့်သတ်ထောက်ပံ့ငွေဖြင့်ရရှိထားသည်။ ကန့်သတ်ချက်များကို ဥပက္ခာပြု၍၊ အဖွဲ့များစွာက ယမန်နှစ်ကထက် တိုးတက်လာသည့် ငွေကြေးထောက်ပံ့မှုရှိကြောင်းတင်ပြကြသည်။ LEF မှ ပြောင်းလွယ်ပြင်လွယ်ရှိသောနှစ်နှစ်ကြာထောက်ပံ့မှု၏အရေးပါပုံကို ဤရန်ပုံငွေအခြေအနေက အလေးပေးဖော်ပြထားသည်။

ရန်ပုံငွေထောက်ပံ့မှုအခြေအနေသည် ယမန်နှစ်ကထက်ပိုမိုကောင်းမွန်သည့် အနေထားရှိကြောင်းအများစုကဖော်ပြကြသည်။




ရန်ပုံငွေရသူများကအတန်သင့်ကွဲပြားသော ရန်ပုံငွေအရင်းမြစ်များကိုတင်ပြသည်၊ ထက်ဝက်ကျော် (၅၂ ဖွဲ့) က နှစ်ခု (သို့) သုံးခုထက်ပိုသော ရန်ပုံငွေအရင်းမြစ်များရရှိကြောင်းတင်ပြသည်။ သုံးပုံတပုံထက်ပိုသောအဖွဲ့များ (၃၅ ဖွဲ့)က ရန်ပုံငွေအရင်းအမြစ်အမျိုးအစားတမျိုးကို အစီရင်ခံကြသည်။ အဖွဲ့အနည်းငယ်တွင်မူ ရှေ့လာမည့်နှစ်အတွက် ဘဏ္ဍာရေးဆိုင်ရာ ရေရှည်တည်တံ့မှုနှင့်ပတ်သက်၍ အရေးပေးရှေ့ရှုနေရသည့်သဘောရှိသည်။ ထက်ဝက်ကျော် (၅၇ အဖွဲ့) ကငင်း်တို့တွင် ဆက်လက်ရပ်တည်နိုင်ရန်လုံလောက်သည့်ရံပုံငွေရှိကြောင်း၊ ရေရှည်ရပ်တည်နိုင်ရန်

လုပ်ငန်းသုံးဘတ်ဂျက်လျှော့ချရန်ရှိကြောင်း တင်ပြသည်။ အနည်းငယ် (ခုနစ်ဖွဲ့) ကရှေ့လာမည့်နှစ်အတွက် ပြင်းထန်သောရန်ပုံငွေရေရှည်တည်တံ့ခြင်းဆိုင်ရာစိန်ခေါ်မှုများကို အစီရင်ခံသည်။




**ရန်ပုံငွေအရင်းအမြစ်အမျိုးအစားများ**

**ပရဟိတ**ဖောင်ဒေးရှင်းများ သို့မဟုတ် အများအကျိုးဆောင်အဖွဲ့များ (၇၂%)

**အဖွဲ့စည်း၊**အလှူရှင်များ၊ နိုင်ငံခြားအကူညီအပါဝင် (၂၈%)၊ ဘက်ပေါင်းစုံအေဂျင်စီများ (၂၁%)၊ (သို့) အစိုးရ (၁၀%)

**လူ့အဖွဲ့စည်း**အရင်းမြစ်များ ပုဂ္ဂလိကထောက်ပံ့သူများ (၂၇%) (သို့) အဖွဲ့ဝင်ကြေးများ (၂၅%)

**အခြား**အရင်းမြစ်များ၊ ပုဂ္ဂလိကကဏ္ဍ (၁၁%) (သို့) အမြတ်ငွေဖော်ထုတ်ရေးလုပ်ဆောင်ချက်များ (၁၆%)

## အဖွဲ့များသည် စိတ်ကျန်းမာရေး (သို့) အနိုင်ကျင့်စော်ကားမှုအန္တရာယ်ကို အခြားလုံခြုံရေးပြဿနာများထက်ပိုတွေ့ရသည်

တရားမျှတမှုရေးအခွင့်အလမ်းတိုးတက်စေရန် နှစ်မြှုပ်ထားသောအဖွဲ့အစည်းများသည် စိတ်ကျန်းမာရေး၊ ဒီဂျစ်တယ်၊ ရုပ်ပိုင်းဆိုင်ရာနှင့် ဥပဒေဆိုင်ရာလုံခြုံရေးအန္တရာယ်များအပါအဝင် အတားအဆီးမျိုးစုံကို ကြုံရသည်။ စစ်တမ်းသည် ၎င်းတို့၏အလားအလာရှိသောဆက်နွယ်မှုကို အသိအမှတ်ပြုရင်း ဤစိန်ခေါ်မှုများကို စုံစမ်းစစ်ဆေးခဲ့သည်။ ဝန်ထမ်းများ သို့မဟုတ် စေတနာ့ဝန်ထမ်းများသည် လွန်ခဲ့သောနှစ်အတွင်းက စိတ်ကျန်းမာရေးဆိုင်ရာစိန်ခေါ်မှုများကို တွေ့ကြုံခဲ့ရသည်ကို သုံးပုံနှစ်ပုံနီးပါးရှိသောအဖွဲ့များ (၆၁ ဖွဲ့) သည် အခိုင်အမာသဘောတူသည် သို့မဟုတ် တချို့တဝက်သဘောတူသည်။ စိတ်ကျန်းမာရေးသည်

စိန်ခေါ်မှုတရပ်ဖြစ်ခဲ့ကြောင်းကို သုံးပုံတပုံထက်ပိုသောအဖွဲ့များ (၃၉ ဖွဲ့) သည် အခိုင်အမာသဘောမတူပါ သို့မဟုတ် တချို့တဝက်သဘောမတူပါ။

| လုံခြုံရေး ပြဿနာ | ဘေးအန္တရာယ် သို့မဟုတ် ခြိမ်းခြောက်မှု အမျိုးအစား | တုံ့ပြန်ချက်များ |
|---|---|---|
| ရုပ်ပိုင်းဆိုင်ရာ | လူတဦးချင်းစီအား နှောင့်ယှက်မှု သို့မဟုတ် ခြိမ်းခြောက်မှုများ | ၄၆% (၄၆) |
| ဒစ်ဂျစ်တယ် | အွန်လိုင်းပေါ်တွင် နှောင့်ယှက်ရန် သို့မဟုတ် သွားပုပ်လေလွင့်စွပ်စွဲရန်အတွက် လှုံ့ဆော်ခြင်းများ<br>ခိုးယူထားသော/အပေးအယူလုပ်ထားသော စက်ပစ္စည်းများ၊ ဟာ့ဒ်ဝဲ | ၃၈% (၃၈)<br>၂၅% (၂၅) |
| ဥပဒေရေးရာ | ဥပဒေရေးကိစ္စများ သို့မဟုတ် အခြားလုပ်ဆောင်ချက်များ<br>ဘဏ္ဍာရေး ကန့်သတ်ချက်များ၊ ဘဏ်လုပ်ငန်း ဝန်ဆောင်မှုများ | ၂၁% (၂၁)<br>၁၄% (၁၄) |

## ဥပဒေအကျိုးပြုလုပ်ငန်းဆောင်ရွက်ရန်အားထုတ်မှုများ

## အဖွဲ့များသည် ၄င်းတို့၏မတူညီသည့် ဥပဒေအကျိုးပြုလုပ်ငန်းဦးတည်ချက်များအောင်မြင်ရန် မတူညီသည့် ဗျူဟာများအသုံးပြုသည်

ဥပဒေအကျိုးပြုလုပ်ငန်းသည် ဥပဒေနှင့် မတရားခံရသည့် လူများအကြား ပေါင်းစပ်၍စွမ်းအားတစ်ရပ်တည်ဆောက်နိုင်ရန် စီစဉ်ခြင်းဖြစ်သည်။ ထိုကဲ့သို့သောတရားမမျှတခြင်းများ၏ပြဿနာများကို ဖြေရှင်းဖို့ ရှာဖွေနေသောအဖွဲ့များသည် သူတို့၏အလုပ်တွင် နည်းဗျူဟာအမျိုးမျိုးကို သုံးနိုင်သည်။ အများဆုံးဖြစ်နေကျနည်းဗျူဟာများထဲမှအချို့ကို စစ်တမ်းက စူးစမ်းရှာဖွေခဲ့သည်။

LEF LEGAL EMPOWERMENT FUND

THE FUND FOR GLOBAL HUMAN RIGHTS

ဥပဒေအကျိုးပြုလုပ်ငန်းဗျူဟာအမျိုးစားများ

- ○ **ပြုမူလုပ်ဆောင်ပုံကို ပြောင်းလဲခြင်း -** လူမှုရေး သဘောထားများနှင့် အပြုအမူများကို ပြောင်းလဲရန် အလေ့အကျင့်များ
- ○ **ချိတ်ဆက်ခြင်းနှင့် စည်းရုံးခြင်း -** ကွန်ရက်များ တည်ဆောက်ခြင်း သို့မဟုတ် အရေးယူဆောင်ရွက်ရန်အတွက် အခြားသူများကို စည်းရုံးခြင်း
- ○ **ကာကွယ်ခြင်း -** သီးခြားလူအုပ်စုများ ရင်ဆိုင်ရသော ခြိမ်းခြောက်မှုများကို ကာကွယ်ခြင်း၊ သက်သာစေခြင်း သို့မဟုတ် တုံ့ပြန်ခြင်း
- ○ *အခွင့်ရေးရှေ့နေ (ဥပဒေပုံဖော်) - ဥပဒေပြုရေး(သို့) မူဝါဒ ကိုလွှမ်းမိုးခြင်း*
- ○ *အခွင့်အရေးများကို နားလည်သဘောပေါက်မှု (ဥပဒေကို သိပါ) - အခြားလူများကို တရားဥပဒေနှင့်ဆိုင်သောအခွင့်အရေးများနှင့် ဝန်ဆောင်မှုများအကြောင်းကို ပညာပေးခြင်း*
- ○ *အခွင့်အရေးအရတုန့်ပြန်ခြင်း (ဥပဒေအသုံးပြုခြင်း) - မတရားမှုကိုဖြေရှင်းရန် ဥပဒေဝန်ဆောင်မှုများ (သို့) အခြားအရေးယူဆောင်ရွက်မှုများ*

လွန်ခဲ့သောနှစ်က၊ LEF ရံပုံငွေရရှိသူများသည် မတူကွဲပြားသည့် ဗျူဟာများကို အသုံးချ၍ ၄င်းတို့ လူ့အဖွဲ့စည်းက တရားမှု ပြဿနာများကိုဖြေရှင်းရန်အသုံးပြုခဲ့ကြသည်။ အခြားသူများကို အကူညီအသိပညာပေးရန် (သို့) ဥပဒေကိုပုံဖော်ရန်ကြိုးပမ်းမှုများပုံမှန်လုပ်ဆောင်သလို၊ အရေးယူဆောင်ရွက်ရန် ချိတ်ဆက်ခြင်းနှင့် စီမံဆောင်ရွက်ခြင်းတို့ကိုလည်း အလားတူအားထုတ်သည်။ အနည်းဆုံး တဝက် သို့မဟုတ် ၎င်းထက်ပိုသောအဖွဲ့များက ရွေးချယ်ထားသောအသုံးအများဆုံးနည်းဗျူဟာများကို ဤနေရာတွင် မှတ်သားထားသည် (နည်းဗျူဟာပေါင်းစုံကို ရွေးချယ်ဖို့ ဖြစ်နိုင်ခဲ့ပါသည်)။

**အခွင့်အရေးများကို နားလည်သဘောပေါက်မှု** (ဥပဒေကို သိပါ)

- အခွင့်အရေးများကို နားလည်သဘောပေါက်မှု တက်လာခြင်း သို့မဟုတ် ပညာပေးခြင်း (၈၃ ရာခိုင်နှုန်း)

**အခွင့်အရေးများကို ထောက်ခံအားပေးခြင်း** (ဥပဒေကို ပုံဖော်ပါ)

- ဒေသတွင်း သို့မဟုတ် နိုင်ငံအဆင့် ထောက်ခံအားပေးခြင်း (၈၂ ရာခိုင်နှုန်း)
- သုတေသနနှင့် အသိပညာ ထွန်းကားရေး (၆၇ ရာခိုင်နှုန်း)

**ချိတ်ဆက်ခြင်းနှင့် စုစည်းခြင်း**

- လူမှုအဖွဲ့စည်းများဖော်ဆောင်ခြင်း (သို့) ရွေ့လျားခြင်း (၇၈ ရာခိုင်နှုန်း)
- ပြည်သူ့ကွန်ယက်တည်ဆောက်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း (၇၅ ရာခိုင်နှုန်း)

**အခွင့်အရေးများကို တုံ့ပြန်ခြင်း** (ဥပဒေကို အသုံးချပါ)

- ဥပဒေအကူညီဝန်ဆောင်မှုများ (၆၁ ရာခိုင်နှုန်း)


- လူ့အခွင့်အရေးချိုးဖောက်မှုများကို စောင့်ကြည့်ခြင်း/စာတမ်းပြုစုခြင်း (၅၅ ရာခိုင်နှုန်း)

## ရံပုံငွေရရှိသည့် မိတ်ဖက်များနှင့်အတူ လူမှုအဖွဲ့စည်းအဖွဲ့ဝင်များတည်ဆောက်ခြင်းနှင့် လှုပ်ရှားမှုများဖော်ဆောင်ခြင်း

တစ်ဦးချင်းပါဝင်လှုပ်ရှားသူများ၊ အဖွဲ့များ၊ (သို့) ၎င်းတို့၏ကွဲပြားသည့်လုပ်ငန်းနှင့်ဆိုင်သော လူမှုအဖွဲ့စည်းများ၊ အများအားဖြင့် လှုပ်ရှားမှုဆောင်ရွက်ခြင်း (၈၁ ရာနှုန်း)၊ လှုပ်ရှားမှုများပုံဖော်ခြင်းနှင့် အစီစဉ်ရေးဆွဲခြင်း (၈၁ ရာနှုန်း)၊ နှင့် စီစစ်ခြင်းနှင့် သင်ယူလေ့လာခြင်းအားထုတ်မှု (၇၀ ရာနှုန်း) နည်းလမ်းမျိုးစုံဖြင့်အကူညီပေးခဲ့ကြောင်း ရံပုံငွေလက်ခံသည့် မိတ်ဖက်များကအစီရင်ခံသည်။ ထက်ဝက်ထက်နဲ၍ (၄၆ ရာနှုန်း) သောဖြေဆိုသူများသည် ၎င်းတို့သက်ဆိုင်ရာလူမှုအဖွဲ့စည်း၏ အန္တရာယ်ကိုအကဲဖြတ်ခြင်း (သို့) လျော့ပါးအောင်ဆောင်ရွက်ခြင်း တို့တွင်ပါဝင်ကြသည်။


## အခြားသူများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းသည် ဥပဒေအကျိုးပြုလုပ်ငန်းများကို အကျိုးဖြစ်စေသည်

လာမည့်နှစ်တွင်၊ ရံပုံငွေရ မိတ်ဖက်များသည် အဓိကအားဖြင့် သင်ယူခြင်းနှင့် ပူးပေါင်းစေ့စပ်ညှိနှိုင်းရေးလုပ်ဆောင်ချက်များတွင် အခြားသူများနှင့် ပူးပေါင်းလုပ်ဆောင်ခြင်းသည် အကျိုးဖြစ်ထွန်းစေကြောင်း တွေ့မြင်လာကြမည်။ လက်ရှိ ဖြေဆိုသူများသည် ပူးပေါင်းဆောင်ရွက်ရန်အတွက် များစွာသောအတားဆီးများ အများအားဖြင့် ငွေကြေး (သို့) လူစွမ်းအားအရင်းမြစ် လိုအပ်ချက်များ (၇၀ ရာနှုန်း) ကိုမှတ်တမ်းတင်ကြသည်။




## အဖွဲ့များက ရာသီဥတုပြောင်းလဲမှု တွင်သိသာသည့်ရလဒ်များကိုတင်ပြသည်

သုံးပုံနှစ်ပုံထက်ပိုသော ရံပုံငွေရ မိတ်ဖက်များက ၄င်းတို့၏ ရာသီဥတုပြောင်းလဲမှု လုပ်ငန်းတွင် တိုက်ရိုက်(သို့)တစ်ဆင့်ဖြစ်သော အကျိုးသက်ရောက်မှုများကိုတင်ပြသည် (၆၈ ဖွဲ့)။ အဖွဲ့များထဲက ရာသီဥတုပြောင်းလဲမှု အကျိုးသက်ရောက်မှု ပမာဏအချို့ကြုံတွေ့ရသူတို့တွင် လူမှုအဖွဲ့စည်းထိခိုင်နိုင်မှု (သို့) လိုအပ်ချက်သည် ၄င်းတို့လုပ်ငန်းအကျိုးသက်ရောက်မှု၏ အဓိကအကြောင်းဖြစ်သည်။




# ပြောင်းလဲရေးအတွက် ပါဝင်ပံ့ပိုးမှုများ

## အဖွဲ့များက ဒေသတွင်းနှင့် နယ်စပ်ဖြတ်ကျော်ချိတ်ဆက်မှုများပြုလုပ်၍ အပြောင်းလဲဖြစ်နိုင်ရန် လုပ်ဆောင်ကြသည်

LEF သည် တရားမှုပြဿနာအများဆုံးကြုံတွေ့ရသူများ ဦးဆောင်သော၊ ၎င်းတို့ကိုထည့်သွင်းစဉ်းစားသော အဖွဲ့စည်းများကို ထောက်ပံ့ရန် ဦးတည်ထားသည်။ LEF ရံပုံငွေရ မိတ်ဖက်များက ၎င်းတို့၏လုပ်ငန်းအတွက် အလွန်အကျုံ ကန့်သတ်ထားသည့် သဘာဝမြေမျက်နှာသွင်ပြင်နှင့်ဆိုင်သောအခွင့်အလမ်းတခုကို အစီရင်ခံသည်။ တုံ့ပြန်ဖြေဆိုမှုပေါင်းစုံကို ရွေးချယ်ခွင့်နှင့်အတူ ၅၀ ရာခိုင်နှုန်း သို့မဟုတ် ၎င်းထက်ပိုသောစစ်တမ်းဖြေဆိုသူများက နိုင်ငံအဆင့်၊ အခြားအဆင့် (ပြည်နယ်၊ တိုင်း၊ သို့မဟုတ် ခရိုင်)နှင့်/သို့မဟုတ် ဒေသတွင်းလူ့အသိုင်းအဝိုင်းအဆင့်များတွင် လုပ်ငန်းဆောင်ရွက်နေခြင်းကို အစီရင်ခံသည်။ အဖွဲ့များ၏ ၆ ရာနှုန်းအောက်နည်းသောသူများက တူညီသောဒေသများတွင်ဖြစ်စေ သို့မဟုတ် ကွဲပြားသောဒေသများတွင်ဖြစ်စေ နိုင်ငံပေါင်းစုံတွင် အလုပ်လုပ်နေကြကြောင်းကို ဖော်ပြကြသည်။

ဤဒေသတွင်း ဦးတည်ချက်များကိုကျော်လွန်၍၊ များစွာသောရံပုံငွေရ မိတ်ဖက်များသည် ဒေသတွင်းနှင့် နိုင်ငံတကာ ကွန်ယက် (သို့) ညွန့်ပေါင်းအဖွဲ့များတွင်တက်ကြွပါဝင်ကြသည်။ ၎င်းသည် လူမှုအဖွဲ့စည်းအခြေခံသည့် ပြဿနာများကို နိုင်ငံတကာလှုပ်ရှားမှုများနှင့် အစီအစဉ်များဖြင့်ချိတ်ဆက်ရန်အားထုတ်မှုများရှိကြောင်း အချက်ပြတစ်ခုဖြစ်နိုင်သည်။

ရံပုံငွေရသူအဖွဲ့များက အပြောင်းအလဲ ဖန်တီးရန် ၎င်းတို့ သုံးသည့် အဖွဲ့အစည်းပိုင် တန်ဖိုးရှိ လူ၊ ပစ္စည်းများအမျိုးမျိုးကို အစီရင်ခံသည်။ စစ်တမ်းဖြေဆိုသူ အယောက် ၁၀၀ အနက် ၎င်းတို့မှာ ရွေးချယ်ထားသည့်



အနည်းနှင့်အများဆိုသလို သုံးနေကျ တန်ဖိုးရှိ လူ၊ ပစ္စည်းများဖြစ်ကြသည်။

ပိုမိုအတွေ့များသည့် အားသာချက်နယ်ပယ်များ -

- ဗဟုသုတနှင့် လေ့လာသင်ယူမှု - ၉၂ ရာခိုင်နှုန်း
- အခြားသူများနှင့် ချိတ်ဆက်မှု - ၇၁ ရာခိုင်နှုန်း
- မူဝါဒကို လွှမ်းမိုးနိုင်စွမ်း - ၅၂ ရာခိုင်နှုန်း
- ဇာတ်ကြောင်းပြောခြင်း သို့မဟုတ် ဆက်သွယ်ရေးအလေ့အကျင့်များ – ၅၀ ရာခိုင်နှုန်း
- ဝန်ထမ်းများနှင့် သို့မဟုတ် လုပ်ဖော်ကိုင်ဖက်များ၏ ကွဲပြားစုံလင်သော ဖြစ်တည်မှုများ - ၄၉ ရာခိုင်နှုန်း
- ပြဿနာဖြစ်စေသော သတင်း သို့မဟုတ် အကွက်ချခြင်းများကို လွှမ်းမိုးနိုင်စွမ်းရှိခြင်း - ၄၈ ရာခိုင်နှုန်း

အနည်းဆုံးဘုံအားသာချက်ရှိသည့်ကဏ္ဍများတွင် ပြင်ပဆုံးဖြတ်ချက်ပြုလုပ်ခြင်းရယူနိုင်မှု (၂၆ရာနှုန်း) နှင့် ငွေကြေးအရင်းမြစ် (၂၂ ရာနှုန်း) တို့ပါဝင်သည်။

## LEF အတွက်အကြံပြုချက်

၁၀၀ သောစစ်တမ်းဖြေဆိုသူအားလုံးက LEF ၏တန်ဖိုးနှင့် ဗျူဟာကိုလက်ခံကြောင်း အကြံပြုချက်ပေးခဲ့သည် - အများစုက LEF ကိုတိုးတက်စေနိုင်မည့် အကြံပြုချက်များကိုလည်းပေးကြသည်။

## ရံပုံငွေလက်ခံသူများက ပြောင်းလွဲ၍ ယုံကြည်မှုကိုအခြေပြုသည့် ဥပဒေအကျိုးပြုဦးတည်ချက်များတွက် အရင်းနှီးပြုလုပ်ခြင်းကို ထောက်ခံကြသည်

LEF ၏မည်သည့်အချက်က ၎င်းတို့လုပ်ငန်းကိုတန်ဖိုးအရှိဆုံးအထောက်ကူပြုကြောင်းမေးသည့်အခါ၊ ရံပုံငွေလက်ခံသူတို့က ငွေကြေးအရင်းမြစ်များဟု ဘုံသဘောတူခဲ့ကြသည်။ ၎င်းတို့က မည်သို့ရံပုံငွေအသုံးပြုမည်ဆိုသည့် ပြောင်းလွယ်ပြုလွယ်သည့် ဆုံးဖြတ်ချက်ကို အထူးမှတ်ချက်ပြုကြသည်။ အများစုက ၎င်းတို့အဖွဲ့စည်းတွက် ယုံကြည်မှု (သို့) လေးစားမှုရှိသည့် ခံစားချက်တစ်ခုကို ဖော်ပြကြသည်။ အစုအားဖြင့်၊ ယခုအလေ့ကျင့်များနှင့် တန်ဖိုးများကို ထောက်ခံသည့်အကြံပြုချက်များမြင်သာစွာပေးကြသည် -

- **ငွေကြေးအရင်းမြစ်များ** က၎င်းတို့အဖွဲ့စည်း၏ ရည်မှန်းချက်များဖြစ်သည့် ဥပဒေအကျိုးပြုလုပ်ငန်းဗျူဟာများနှင့် လှုပ်ရှားမှုများ နှင့်အတူ အမျိုးမျိုးသော လူ့အဖွဲ့စည်းများအတွက်၊ နှင့် ဝန်ထမ်းများ ၎င်းတို့လုပ်ငန်းအတွက် ဆောင်ရွက်နိုင်မှုအတွက် ကူညီရန်။

- **လေးစားမှု၊** အစီစဉ်ကျ (သို့) လုပ်ငန်းဦးစားပေးခြေပြု အဖွဲ့စည်း၏ လွတ်လပ်သည့် အရင်းမြစ်ချထားခြင်းကိုလေးစားမှု။
- **ရေရှည်လုပ်နိုင်စွမ်း** နှင့် လှုပ်ရှားမှုများနှင့် ဥပဒေဝန်ဆောင်မှုများဆက်တိုက်လုပ်ဆောင်နိုင်မှု၊ ကာလရှည်လုပ်ဆောင်ရသည့် လုပ်ငန်းနှင့်ပန်းတိုင်များအတွက် အရင်းမြစ်ထောက်ပံ့နိုင်မှု၊ ၄င်းတို့ကိုယ်တိုင်လုပ်ငန်းအပေါ်ဆုံးဖြတ်နိုင်မှု။

"ကျွန်ုပ်တို့၏ ရန်ပုံငွေအဖွဲ့နှင့်အတွေ့အကြုံသည် လောလောလတ်လတ်သာဖြစ်သော်လည်း၊ ပြုလွယ်ပြောင်းလွယ်သည့်လိုအပ်ချက်များကိုအသိမှတ်ပြုခြင်းနှင့် စီမံခန့်ခွဲမှုဆိုင်ရာအနည်းဆုံးလိုအပ်ချက်ကို များစွာသဘောကျရပါတယ်။"
- အာဖရိကရှိ ရံပုံငွေရ မိတ်ဖက်

"ရံပုံငွေထောက်ပံ့မှုက ကာလရှည်ရပ်တည်နိုင်တဲ့အဖွဲ့စည်းတည်ဆောက်ဖို့နဲ့ ထိမ်းသိမ်းဖို့အတွက် ကျွန်ုပ်တို့ကိုခွင့်ပြုပေးနေပါတယ်။"
- ဥရောပရှိ ရံပုံငွေရ မိတ်ဖက်

"ငွေကြေးအရင်းမြစ်များ....ကကျွန်ုပ်တို့ကို ကိုယ်ပိုင်စီမံနိုင်ဖို့နှင့် ဒီလှုပ်ရှားမှုကို ပုဂ္ဂလိကအကျိုးတွက်ငွေကြေးထောက်ပံ့လိုသူတွေကိုမမှီခိုရအောင် ခွင့်ပြုပေးပါတယ်။"
- အမေရိကားရှိ ရံပုံငွေရ မိတ်ဖက်

"ပင်မရံပုံငွေထောက်ပံ့မှုနှင့် [ဒီ] ပြုလွယ်ပြောင်းလွယ်ခြင်း အခွင့်ရေးပေးမှုတွေက ကျွန်ုပ်တို့လိုအဖွဲ့စည်းတွေကို မြေပြင်လုပ်ငန်းဆောင်ရွက်မှုတွေ အတားဆီးမရှိလုပ်ဆောင်နိုင်ဖို့နှင့် ရံပုံငွေတည်ငြိမ်ဖို့ အတွက် ခွင့်ပြုပေးနေပါတယ်။"
- အာရှရှိ ရံပုံငွေမိတ်ဖက်

"LGBTQIA ဥပဒေအကျိုးပြုလုပ်ငန်းတွေက အထူးအသိပညာ၊ အကြံပြုအားထုတ်မှုများ၊ နှင့် ဝန်ထမ်း၊ ဥပဒေကျွမ်းကျင်သူများနှင့် အသိပညာပေး ကမ်ပိန်းများစသည့်အတွက် ငွေကြေးအထောက်ပံ့လိုအပ်သော တိုက်ရိုက်ထိတွေ့လုပ်ဆောင်မှုများပြုလုပ်နိုင်ဖို့အတွက် အမြဲလိုအပ်နေပါတယ်။ ရံပုံငွေအဖွဲ့ရဲ့ ငွေကြေးထောက်ပံ့မှုက ကျွန်ုပ်တို့အရင်းမြစ်များနေရာချထားနိုင်ဖို့နဲ့ ကျွန်ုပ်တို့အားထုတ်မှုများကိုရေရှည်ထိမ်းသိမ်းနိုင်ဖို့ ခွင့်ပြုပေးနေပါတယ်။"
- အာဖရိကရှိ ရံပုံငွေရ မိတ်ဖက်

# ရံပုံငွေလက်ခံသူများက LEF နှင့် လက်တွဲလုပ်ဆောင်သူများကြား ပိုမိုလေးနက်သည့် ချိတ်ဆက်မှုရှိရန်၊ နှင့် ကာလရှည်ရံပုံငွေအတွက် အကြံပြုထားသည်

အဖွဲ့များက LEF ၏အလေ့ကျင့်များတိုးတက်နိုင်စေရန် မတူညီသောအကြံပြုချက်များပေးထားကြသည်။ ရံပုံငွေပမာဏထက်ပို၍၊ ရရှိနိုင်သည့်ငွေကြေးရံပုံငွေအရင်းမြစ် အရည်အသွေးကိုလည်း ၎င်းတို့အကြံပြုချက်ပေးကြသည်။ ထောက်ပံ့ကြေးထက်ပို၍၊ LEF ဝန်ထမ်းများနှင့် ဆက်သွယ်နိုင်ရန်၊ အလားတူအဖွဲ့စည်းများနှင့် ချိတ်ဆက်နိုင်ရန်အကူညီကို စိတ်ဝင်စားကြောင်းအဖွဲ့အများစုကမှတ်ချက်ပြုသည်။ ယခုတုန့်ပြန်မှုတွင် ဤအလေ့ကျင့်နှင့်တန်ဖိုးများနှင့်ဆိုင်သည့်အကြံပြုချက်များကိုထင်းဟပ်စေသည် -

- **ရှည်ရှည်ဖြစ်သော၊ ငွေကြေးအရင်းအမြစ်** ကို LEF နှင့်ရင်းနှီးမှုတစ်ခုတည်ဆောက်နိုင်ရန်နှင့် ကာလရှည်ဥပဒေအကျိုးပြုလုပ်ငန်း ပန်းတိုင်များရောက်နိုင်ရန်၊ ထို့ပြင် အချို့သောလုပ်ငန်းလည်ပတ်မှုအသုံးစရိတ်များ ကျသင့်ခံနိုင်ရန်အတွက်လိုအပ်သည်။
- **ချိတ်ဆက်မှုများ**ကို အလားတူသည့်ပြဿနာများကိုင်တွယ်နေသည့် ရံပုံငွေရမိတ်ဖက်များ (သို့) တူညီသည့်ဒေသတွင်းအသိပညာ၊ အတွေ့အကြုံများမျှဝေနိုင်ရန်နှင့် အခြားသူများနှင့် ပူးပေါင်းလုပ်ဆောင်နိုင်ရန် အတွက်လိုအပ်သည်။
- **ထောက်ပံ့ကြေးထက်ပိုသည့်တွက်ဖက်** များကို LEF ဝန်ထမ်းနှင့်ပုံမှန်ဆက်သွယ်မှုနှင့် ပိုမိုလေးနက်သည့်ဆက်နွယ်မှုတည်ဆောက်ရန်၊ ရံပုံငွေရရှိသူတို့လုပ်ငန်းများကို တိုက်ရိုက်လေ့လာအတွေ့ကြုံရယူရန် တို့တွင်လိုအပ်သည်။
- **နည်းပညာအထောက်ပံ့** ကို ဥပဒေအကျိုးပြုလုပ်ငန်းများတွင် ကျွမ်းကျင်သူများမွေးထုတ်ရာတွင် (သို့) အဖွဲ့စည်းလုပ်နိုင်စွမ်း မြင့်တင်နိုင်ရန် အထောက်ကူပြုရာတွင်လိုအပ်သည်။

"ပိုမိုထိရောက်မှုရှိစေရန် အရင်းမြစ်ချထားမှုတိုးမြင့်ခြင်းနှင့် ကာလရှည် အစီစဉ်များ(သို့) ပရောဂျက်များကို လိုအပ်သည်။"
- အာဖရိကရှိ ရံပုံငွေရ မိတ်ဖက်

"[ပုံမှန်] အစည်းအဝေးများသည် ရံပုံငွေအဖွဲ့နှင့် ကျွန်ုပ်တို့ကြား ချိတ်ဆက်မှုပိုမိုခိုင်မာရန်နှင့်၊ လေ့လာမှုနှင့် ဖလှယ်မှုများအတွက် ဝန်ဆောင်မှုပေးရန် နေရာတစ်ခုအဖြစ်လိုအပ်သည်။
- အမေရိကားရှိ ရံပုံငွေရ မိတ်ဖက်

“အလားတူလှုပ်ရှားမှုများဆောင်ရွက်သည့်ဒေသတွင်း မိတ်ဖက်များကြား ပူးပေါင်းဆောင်ရွက်ခြင်းဖြင့်
၄င်းတို့ကြားတစ်စုတစ်စည်းဖြစ်သည့်/တစ်ပုံစံတည်းဖြစ်သည့်
စည်းရုံးမှုများဆောင်ရွက်နိုင်ရန်အတွက်လိုအပ်သည်။ ပူးပေါင်းဆောင်ရွက်သည့်
လုပ်ဆောင်မှုများလည်းလိုအပ်သည်။”
- အာရှရှိ ရံပုံငွေမိတ်ဖက်

“ဒေသတွင်းအခြေပြုပေါ်ထွက်သည့်လုပ်ငန်းများကိုဆက်လက်ထောက်ပံ့ရန်နှင့်
မတူညီသည့်အခြေပြုအဖွဲ့များကိုစုစည်းနိုင်ရန် စဉ်းစား၍ အတွေ့ကြုံများမျှဝေရန်၊
ကွန်ယက်များတည်ဆောက်ရန်နှင့် အတူတကွလုပ်ငန်းဆောင်ရွက်ခြင်းဖြင့်
အခြေပြုလုပ်ငန်းများ၏လှုပ်ရှားမှုများကို ပိုမိုခိုင်မြဲစေမည်။”
- ဥရောပရှိ ရံပုံငွေရ မိတ်ဖက်

"... ဥပဒေရအရေးယူမှုနှင့် ဥပဒေအကျိုးပြုလုပ်ငန်း ဗျူဟာများပူးတွဲနှင့် စုပေါင်းဖော်ထုတ်နိုင်ရန်
နေရာတစ်ခုဖန်တီးနိုင်ရန်နှင့် ဗျူဟာမိတ်ဖက်များခိုင်မာစေရန် ကျွန်ုပ်တို့ကိုထပ်တိုးကူညီပေးပါ။”
- အမေရိကားရှိ ရံပုံငွေရ မိတ်ဖက်